KESAN

Karen Environmental & Social Action Network
P.O Box 204, Prasing Post Office, Muang, Chiang Mai, Thailand 50205
Tel/Fax: + 66 (0)53 380 478, E-mail: info@kesan.asia, website: www.kesan.asia

# မြန်မာပြည်အရှေ့တောင်ပိုင်းအတွက်ဂျပန်အစိုးရ၏ဖွံ့ဖြိုးရေးအစီအစဉ်။ ကရင်သဘာဝပတ်ဝန်းကျင်နှင့်လူမှုကွန်ယက်မှအကျဉ်းချုပ်တင်ပြချက်

**ရက်စွဲ (၁၉၊၀၂၊၂၀၁၄)**

မကြာသေးသောရက်ပိုင်းအတောအတွင်းတွင် ဂျပန်နိုင်ငံတကာကူညီထောက်ပံ့ရေးဧဂျင်စီကအနာဂါတ်မြန်မာပြည်အရှေ့တောင်ပိုင်းဖွံ့ဖြိုးရေးအစီအစဉ်အသေးစိတ်လုပ်ငန်းဘောင်ကို ထုတ်ပြန်လိုက်ပါသည်။ ယခုအကျဉ်း ချုပ်အကဲဖြတ်သုံးသပ်ချက်သည်ထိုအစီရင်ခံစာ၏အရေးကြီးသောအဓိကအကြောင်းအရာ၊ အနှစ်ချုပ်များကို အကဲဖြတ်သုံးသပ်ထားပြီးၡင်းအစီရင်ခံစာပါသုတေသန(သို့မဟုတ်) ကွင်းဆင်းလေ့လာမှုလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာအချက်အလက်များကိုအကျဉ်းချုပ်တင်ပြထားသည်။

## သုတေသန(သို့မဟုတ်)ကွင်းဆင်းလေ့လာမှုသည် မည်သည်ကိုဆိုလိုပါသနည်း။

အောက်တိုဘာ ၂၀၁၃ ခုနှစ်ရက်စွဲပါ၊ စာမျက်နှာ ၅၉၃ မျက်နှာရှိ "မြန်မာပြည်အရှေ့တောင်ပိုင်းရှိတိုင်းရင်းသားလူနည်းစုများအတွက်ပေါင်းစည်းနယ်မြေဖွံ့ဖြိုးရန်အကြိုကွင်းဆင်းလေ့လာချက်"စာတမ်း။

- မွန်နှင့်ကရင်ပြည်နယ်များအတွင်း လက်ရှိသဘာဝပတ်ဝန်းကျင်၊ စီးပွါးရေး၊ လူမှုရေး၊ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှု (infrastructure) အခြေအနေတို့ကိုကွင်းဆင်းလေ့လာခြင်း။
- မြန်မာအစိုးရ၏လက်ရှိဖွံ့ဖြိုးရေးပေါ် လစီနှင့်အစီအစဉ်တို့ကိုအကွက်ဖေါ် ချပြခြင်း။
- ဒုက္ခသည်နှင့်ပြည်တွင်းပုန်းရှောင်နေသူများ နေရပ်ပြန်လည်နေထိုင်ရေးနှင့် နေရာချပေးခြင်းအတွက်ဖွံ့ဖြိုးရေးလမ်းညွှန်များ၊ စီမံကိန်းများ၊ လုပ်ငန်းစဉ်များအဆိုပြုခြင်း။

## သုတေသန(သို့မဟုတ်)ကွင်းဆင်းလေ့လာမှုပြုလုပ်ရာတွင် မည်သူများပါဝင်သနည်း။

ဂျပန်အစိုးရ၏နိုင်ငံတကာကူညီထောက်ပံ့ရေးအေဂျင်စီတစ်ခုဖြစ်သော "ဂျပန်နိုင်ငံတကာကော်ပိုရေးရှင်းအေဂျင်စီ" (Japan International Cooperation Agency–JICA) သည်အတိုင်အပင်ခံလုပ်ငန်းလုပ်ကိုင်သောဂျပန်ကုမ္ပဏီကြီး(၃)ခုနှင့်စာချုပ်ချုပ်ဆိုကာသုတေသန(သို့မဟုတ်)ကွင်းဆင်းလေ့လာရေးအဖွဲ့ကိုဖွဲ့စည်းခဲ့သည်။ ကွင်းဆင်းသုတေသနအဖွဲ့သည်မွန်ပြည်နယ်အစိုးရ၊ကရင်ပြည်နယ်အစိုးရနှင့်မြန်မာနယ်စပ်ရေးရာဝန်ကြီးဌာန၊ အထူးသဖြင့်နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့်လက်တွဲလုပ်ကိုင်ခဲ့သည်။ ကွင်းဆင်းလေ့လာရေးအဖွဲ့ကမွန်၊ကရင်ပြည်နယ်အစိုးရ၊ မြန်မာငြိမ်းချမ်းရေးစင်တာ၊ကရင်အမျိုးသားအစည်းအရုံး၊ မွန်ပြည်သစ်ပါတီနှင့်ဒီမိုကရေစီအကျိုးပြုကရင်ဗုဒ္ဓဘာသာတပ်မတော်၊ အစရှိသောအဖွဲ့များနှင့်လည်းတွေ့ဆုံတိုင်ပင်ညှိနှိုင်းမှုများပြုခဲ့ကြသည်။

## မည်သူများမပါဝင်သနည်း။

သုတေသန(သို့မဟုတ်)ကွင်းဆင်းလေ့လာမှုများသည် အစိုးရ၏လက်ရှိရှိနှင့်ပြီးသားသတင်းအချက်အလက်များကိုသာ အဓိကအခြေခံသည်။ ၎င်းတို့၏ကွင်းဆင်းသုတေသန (သို့မဟုတ်)လေ့လာမှုများကိုကျယ်ကျယ်ပြန့်ပြန့်၊ ပြည့်ပြည့်စုံစုံပြုလုပ်ခဲ့ခြင်းမရှိဘဲကန့်သန့်နယ်မြေများတွင်သာပြုလုပ်ခဲ့သည်။ လူထုနှင့်တွေ့ဆုံဆွေးနွေးတိုင်ပင်မှုများကိုလည်းပြုလုပ်ခြင်းမရှိပေ။ လူထုများနှင့်ဆွေးနွေးခြင်းမရှိ။ လေ့လာရေးအဖွဲ့ကအမျိုးမျိုးသော stakeholders (အရေးပါသူများ၊သက်ဆိုင်ရာပါဝင်ပတ်သက်သူများ)နှင့်တွေ့ဆုံ၊တိုင်ပင်၊ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ သို့သော်အစီရင်ခံစာတွင်ထိုအရေးပါ

*KESAN, an indigenous non-profit, non-governmental organization of Burma/Myanmar, works to secure Karen lands and livelihoods, a positive peace, climate resilience, gender equity, and respect for the biodiverse environment and the Karen communities that live in it, as well as for the displaced seeking to rebuild their lives.*

KESAN
Karen Environmental & Social Action Network
P.O Box 204, Prasing Post Office, Muang, Chiang Mai, Thailand 50205
Tel/Fax: + 66 (0)53 380 478, E-mail: info@kesan.asia, website: www.kesan.asia

သူ၊သက်ဆိုင်ရာပါဝင်ပတ်သက်သူများကိုအသေးစိတ်ဖေါ်ပြခြင်းမရှိပါ။

**သုတေသန(သို့မဟုတ်)ကွင်းဆင်းလေ့လာမှုများပြုလုပ်ရာတွင် မည်သည့်အတွက်ကြောင့်မြန်မာပြည်အရှေ့ တောင်ပိုင်းကိုအာရုံစိုက်ပစ်မှတ်ထားရသနည်း။**
သဘာဝအရင်းအမြစ်များနှင့်ကြွယ်ဝပြီးဈေးကွက်အချက်အချာကျသောထိုဒေသသည်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်နိုင်မည်ဖြစ်သည်။ အထူးသဖြင့်ဒုက္ခသည်များနေရပ်ပြန်လည်နေထိုင်သောအခါဝင်းတို့ထံမှလုပ်အားခသက်သာသောလုပ်အား၊အလုပ်သမားများကိုရရှိနိုင်မည်ဖြစ်သည်။

**အဆိုပါ သုတေသန(သို့မဟုတ်)ကွင်းဆင်းလေ့လာမှုက မြန်မာပြည်အရှေ့တောင်ပိုင်းကိုတိုးတက်ဖွံ့ဖြိုးစေရန် မည်ကဲ့သို့ အဆိုပြုပါသနည်း။**
အဆိုပါသုတေသန(သို့မဟုတ်)ကွင်းဆင်းလေ့လာမှုကအောက်ပါနည်းဗျူဟာ(၄)ခုသည် မြန်မာပြည်အရှေ့တောင်ပိုင်း၏ဖွံ့ဖြိုးတိုးတက်မှုကိုအကောင်အထည်ဖေါ်စေရန် အရေးပါသောအစိတ်အပိုင်းများဖြစ်သည်ဟုအကြံပြုထားသည်။ ထိုနည်းဗျူဟာများနှင့်အခြားနည်းဗျူဟာများကို အပိုင်းလိုက်အပိုင်းလိုက်အကောင်အထည်ဖေါ်ဆောင်ရမည်ဖြစ်ပြီး အစိုးရထိန်းချုပ်ထားသည့်နယ်မြေတွင် ဦးစွာစတင်လုပ်ဆောင်ရမည်ဟုဆိုသည်။

**စီပွါးရေးအတွက်အရေးပါသောလမ်းမကြီးများ** - (၁) ထိုင်းနိုင်ငံနှင့်မော်လမြိုင်မြို့အကြား လမ်းပန်းဆက်သွယ်ရေးကိုတိုးမြင့်ပေးစေမည်ဖြစ်ပြီး မွန်ပြည်နယ်ရှိကျိုက္ခမီတွင်တည်ဆောက်မည့်ဆိပ်ကမ်းအသစ်နှင့်လည်းဆက်သွယ်ပေးစေမည့်လမ်းအမျိုးမျိုးကိုဆင့်မြှင့်တိုးချဲ့ရန်။ (၂) ပြည်တွင်းဈေးကွက်ကိုအထောက်အကူပြုမည့် လမ်းကြောင်းများဖန်တီးရန်နှင့်ဒုက္ခသည်များအား ပြန်လည်နေရာချပေးရန်စီစဉ်သတ်မှတ်ထားသောနယ်စပ်ဒေသများဆီသို့ဆက်သွယ်သွားရောက်နိုင်ရန်အခြားသောလမ်းများအားတိုးချဲ့အဆင့်မြှင့်ခြင်း။

**လွတ်လပ်သည့်ကုန်သွယ်မှုဇုံနှင့်စက်မှုလုပ်ငန်းများ** - (၁)ကုမ္ပဏီများမှလုပ်အားခသက်သာသော မြန်မာအလုပ်သမားများအပေါ်အခွင့်ကောင်းယူနိုင်ပြီး ဈေးနှုန်းသက်သာစွာဖြင့် စက်ရုံအလုပ်ရုံများကိုတည်ဆောက်လည်ပတ်နိုင်သော လွတ်လပ်သည့်ကုန်သွယ်မှုဇုံများကိုတည်ဆောက်ခြင်း။(၂)ပလစ်စတစ်နှင့်အခြားကုန်ပစ္စည်းများကိုချက်လုပ်သန့်စင်ထုတ်လုပ်မည့် စက်မှုလုပ်ငန်းများကိုတည်ဆောက်ခြင်း။
**စက်မှုကုန်ကြမ်းများ** - ရာဘာ၊ သီဟိုဠ်သရက်၊ ဝါး၊ သစ်၊ တိုင်းရင်းဆေး အစရှိသောစိုက်ပျိုးရေးထွက်ကုန် များ၏တန်ဘိုးကိုတိုးမြင့်ပေးစေမည့် သက်ဆိုင်ရာအထောက်အကူပြု စက်ရုံအလုပ်ရုံများတည်ဆောက်ခြင်း။
**ကျေးလက်ဖွံ့ဖြိုးရေး** - မော်လမြိုင်၊ ဖါးအံ၊ မြဝတီမြို့များအား ဒေသနှင့်ကမ္ဘာ့စီးပွားရေးတို့နှင့်ချိတ်ဆက်စေပြီးစီးပွားရေးအရဝန်ဆောင်မှုပေးသည့်ဗဟိုမဏ္ဍိုင်မြို့ကြီးများအဖြစ်သို့တိုးချဲ့ထူထောင်ရန်။

*KESAN, an indigenous non-profit, non-governmental organization of Burma/Myanmar, works to secure Karen lands and livelihoods, a positive peace, climate resilience, gender equity, and respect for the biodiverse environment and the Karen communities that live in it, as well as for the displaced seeking to rebuild their lives.*

KESAN
Karen Environmental & Social Action Network
P.O Box 204, Prasing Post Office, Muang, Chiang Mai, Thailand 50205
Tel/Fax: + 66 (0)53 380 478, E-mail: info@kesan.asia, website: www.kesan.asia

**ဒုက္ခသည်များ၊ ပြည်တွင်းပုန်းရှောင်နေထိုင်သူများ နေရပ်ပြန်လည်နေထိုင်ရေး၊ ၎င်းတို့အားပြန်လည်နေရာ ချရေးနှင့်ပတ်သက်ပြီး အဆိုပါသုတေသန(သို့မဟုတ်)ကွင်းဆင်းလေ့လာမှုမှမည်သည့်အကြံပြုချက်များကိုအဆိုပြုထားပါသနည်း။**

JICA အကြံပြုသည်မှာ(၁)ပြန်လည်နေရာချထားမည့်နေရာ(၄)နေရာ၏တိုးတက်ဖွံ့ဖြိုးရေးကိုထောက်ပံ့ခြင်း၊ (၂)ပြန်လည်နေရာချထားမည့်နေရာ၏ လမ်းပန်းဆက်သွယ်ရေးကို ကောင်းမွန်စေခြင်း၊အထောက်အပံ့ပေးခြင်း၊ (၃)ဒုက္ခသည်နှင့်ပြည်တွင်းပုန်းရှောင်နေသူများမှ ၎င်းတို့အားပြန်လည်နေရာချပေးသောနေရာနှင့်ပတ်သက်၍သော်လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့်ပတ်သက်၍သော်လည်းကောင်း၊ ၎င်းတို့စုံစမ်းသင်ယူရရှိနိုင်မည့် သတင်းအချက်အလက်များဝေငှသောဌာနများတည်ဆောက်ထားရှိခြင်း၊အထောက်အပံ့ပေးခြင်းစသည်များဖြစ်သည်။

**လူထုအခြေပြုအဖွဲ့အစည်းများ၏အခန်းကဏ္ဍများ မည်ကဲ့သို့ရှိသနည်း။**

အဆိုပါသုတေသန(သို့မဟုတ်)ကွင်းဆင်းလေ့လာမှုက နယ်စပ်ဒေသရှိလူထုအခြေပြုကရင်လူမှုအဖွဲ့အစည်းများ၏ကျန်းမာရေးနှင့်ပညာရေးပိုင်းဆိုင်ရာဝန်ဆောင်မှုအရည်အသွေးကို အသိအမှတ်ပြုပါသည်။ ထိရောက်သောဝန်ဆောင်မှုကိုပေးဆောင်နိုင်ရန် ထိုလူထုအခြေပြုလူမှုအဖွဲ့အစည်းများနှင့်အစိုးရဌာနအဖွဲ့တို့အကြားလက်တွဲလုပ်ကိုင်ပြီး နီးနီးကပ်ကပ်ကြီးကြပ်ဆက်နွယ်ပေးရန်ကိုလည်း၎င်းကအကြံပြုတိုက်တွန်းထားပါသည်။ သို့သော်ငြားလည်းအခြားသောအဖွဲ့အစည်းများဖြစ်သည့်မွန်ကဲ့သို့သောအဖွဲ့အစည်းများ၏ဝန်ဆောင်မှု(သို့မဟုတ်) အခြားသောကဏ္ဍများအတွက် အလားတူအကြံပြုတိုက်တွန်းမှုကိုမတွေ့ရပေ။ ဥပမာ - စိုက်ပျိုးရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍ၊ လူထုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ။

**အဆိုပါသုတေသန(သို့မဟုတ်)ကွင်းဆင်းလေ့လာမှုသည် ငြိမ်းချမ်းရေးနှင့် မည်သို့အံဝင်ခွင်ကျဖြစ်ပါသနည်း။**

သုတေသန(သို့မဟုတ်)လေ့လာမှုကအဆိုပြုထားသည်မှာ "ဖွံ့ဖြိုးရေးဖြင့် ငြိမ်းချမ်းရေးကိုဖေါ်ဆောင်ခြင်း"ဟူ၍ဖြစ်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကိုနိုင်ငံရေးဆွေးနွေးမှုနှင့်ပြိုင်တူပြုလုပ်ရန်အားပေးထားသည်။

**သုတေသန(သို့မဟုတ်)ကွင်းဆင်းလေ့လာချက်မှအရေးပါသည့်သုံးသပ်ချက်များ။**

- လက်ရှိအစိုးရဖွံ့စည်းမှုပုံစံသည် အဓိကကျသည့်ဖွံ့ဖြိုးရေးစီမံကိန်းကြီးများစတင်ရန် သင့်လျော်ပြီဖြစ်သည်။
- ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်ပြီးဆုံးဖြတ်ချက်များချရာတွင်သော်လည်းကောင်း၊ အကောင်အထည်ဖေါ်ဆောင်ရာတွင်သော်လည်းကောင်း၊ ဗဟိုအစိုးရနှင့် အဓိကပူးပေါင်းလုပ်ဆောင်ခြင်းသည်ပိုမိုထိရောက်သည့်ချဉ်းကပ်နည်းဖြစ်သည်။
- အစိုးရ၏"ဗဟိုချုပ်ကိုင်မှုလျှော့ချရေး"အစီအစဉ်ကို stakeholders (သက်ဆိုင်ရာပါဝင်ပတ်သက်နေသူများ) တို့ကလက်ခံလာလိမ့်မည်ဖြစ်ပြီး "အောက်ခြေမှအထက်သို့"ဖွံ့ဖြိုးရေး (bottom-up development)ကိုလည်းဖေါ်ဆောင်ပေးလိမ့်မည်။

  မှတ်ချက်- အောက်ခြေမှအထက်သို့ဖွံ့ဖြိုးရေး(bottom-up development)၏အဓိပ္ပါယ်မှာအဆိုပါဖွံ့ဖြိုးရေးလုပ်ငန်း (သို့မဟုတ်)စီမံကိန်းတစ်ခုသည် အထက်မှထိန်းချုပ်ညွှန်ကြားပြုလုပ်သောဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုမဟုတ်ဘဲ အောက်ခြေဒေသခံများကိုယ်တိုင်ဦးဆောင်ပါဝင်သောဖွံ့ဖြိုးမှုကိုဆိုလိုသည်။ များသောအားဖြင့် အစိုးရမဟုတ်သောအဖွဲ့အစည်း၊ လူထုအခြေပြုလူမှုအဖွဲ့အစည်းများကအထောက်အပံ့ပေးကာ အကောင်အထည်ဖေါ်ဆောင်ရွက်သည်။ ဤကဲ့သို့သောဖွံ့

*KESAN, an indigenous non-profit, non-governmental organization of Burma/Myanmar, works to secure Karen lands and livelihoods, a positive peace, climate resilience, gender equity, and respect for the biodiverse environment and the Karen communities that live in it, as well as for the displaced seeking to rebuild their lives.*

KESAN
ကညီဒိ နီၣ်ဃၢ ဒီးပှၢ်ဂံၢ်ဝီတၢ်ဖါ ပှၢ်ဘျုးစဲကရၢ
Karen Environmental & Social Action Network
P.O Box 204, Prasing Post Office, Muang, Chiang Mai, Thailand 50205
Tel/Fax: + 66 (0)53 380 478, E-mail: info@kesan.asia, website: www.kesan.asia

ဖြိုးရေးလုပ်ငန်းတွင် လူထုအခြေပြုလူမှုအဖွဲ့အစည်းများသည် ဒေသခံပြည်သူများနှင့်အတူလက်တွဲလုပ်ကိုင်သည်။ ဒေသခံပြည်သူများသည်၎င်းတို့၏မြေထောက်အပေါ် ကိုယ်တိုင်ရပ်တည်နိုင်အောင်ပညာပေးခြင်းခံရသည်၊ ၎င်းတို့ကိုယ်တိုင်ဦးဆောင်စီမံနိုင်သောစီမံကိန်းများ၊ ဝန်ဆောင်မှုများကို၎င်းတို့ကိုယ်တိုင်ဦးဆောင်ပြုလုပ်ကြသည်။ ဤသို့သောဖွံ့ဖြိုးမှုသည်ရေရှည်တွင်တည်တံ့ခိုင်မြဲပြီးဒေသခံပြည်သူလူထုများ၏အမှန်တကယ်လိုအပ်မှုကိုဖြည့်ဆည်းပေးသည်။

- အခြေခံလူနေမှုအဆင့်အတန်းရရှိအောင်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်တွင်းပုန်းရှောင်သူများအား ပြန်လည်နေရာချပေးရန်သတ်မှတ်ထားသောနေရာများဆီသို့ ပြန်လာအောင်ဆွဲဆောင်နိုင်မည်ဖြစ်သည်။ ပြည်တွင်းပုန်းရှောင်သူများပြန်လာလျှင်ဒုက္ခသည်များလည်းလိုက်ပါလာလိမ့်မည်။

**သုတေသန(သို့မဟုတ်)ကွင်းဆင်းလေ့လာမှု၌ မည်သည့်အရာများလုစ်ဟနေပါသနည်း။**

ကွင်းဆင်းလေ့လာမှုသည် -

- လက်ရှိအစိုးရပုံစံသည်ကိုယ်စားပြုမှုများကင်းမဲ့နေကြောင်းကိုအသိအမှတ်မပြုထားပေ။
- ပြည်နယ်နှင့်ဒေသအစိုးရတို့၏ အုပ်ချုပ်ရေး၊ဘဏ္ဍာရေးနှင့်နိုင်ငံရေးပိုင်းဆိုင်ရာများတွင်ပြည့်စုံမှုရှိသည်၊ မရှိသည်ကိုအကဲဖြတ်သုံးသပ်ပေးခြင်းမရှိ။
- နှစ်ပေါင်းများစွာဖြစ်ပွားနေသောပြည်တွင်းပဋိပက္ခနှင့်၎င်း၏ကာလကြာနောက်ဆက်တွဲဆိုးကျိုးမ ျားကိုသုံးသပ်ပေးခြင်းမရှိ။
- လက်ရှိရှိနှင့်ပြီးသား ပြည်တွင်းစွမ်းရည်၊ အစိုးရအဖွဲ့အစည်းဌာနများ၊အဖွဲ့အစည်းများ၏စွမ်းရည်ကိုမြင့်တင်ပေးရန်ပျက်ကွက်နေပါသည်။အထူးသဖြင့်မိမိကိုယ်ကိုမိမိအားကိုးခြင်း(မိမိမြေထောက်အပေါ် ရပ်တည်ခြင်း)နှင့်ရေရှည်တည်တံ့သောနည်းဖြင့်သဘာဝအရင်းအမြစ်စီမံကွပ်ကဲမှုပိုင်းဆိုင်ရာများတွင်စွမ်းရည်မြင့်တင်ပေးရန်ပျက်ကွက်နေပါသည်။
- ဒေသအတွင်းရှိကြွယ်ဝသောဇီဝမျိုးကွဲအမျိုးမျိုးနှင့် အဆိုပါဒေသအတွင်းရှိပြည်သူဦးဆောင်ပါဝင်သောလက်ရှိသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောက့်ရှောက်မှုလုပ်ငန်းအစီအစဉ်များကို အသိအမှတ်ပြုခြင်းများမရှိ။
- "အမျိုးသားပေါင်းစည်းရေး"အတွက်တိုင်းရင်းသားအခွင့်အရေးနှင့်၎င်းတို့၏ဘဝကောင်းစားရေးများကို ကာကွယ်ထိန်းသိမ်းပေးမည့် နည်းဗျူဟာ၊ လုပ်ငန်းစဉ်များကို ဖေါ်ပြပေးခြင်းမရှိ။
- အောင်မြင်နိုင်မှုအတိုင်းအတာကိုထည့်သွင်းဖေါ်ပြပေးခြင်းမရှိ။ (ရှေ့လုပ်ငန်းအခြေအနေ)

**မေးခွန်းများ**

- ဖွံ့ဖြိုးရေးအတွက်အစီအစဉ်နှင့်အဆုံးအဖြတ်ကို ဗဟိုအစိုးရကချုပ်ကိုင်ထားခြင်းဖြင့်ထာဝရငြိမ်းချမ်းရေးနှင့်စီးပွါးရေးအရကြွယ်ဝမှုအတွက်ရလာဒ်ကောင်းများထွက်ရှိလာနိုင်ပါမည်လား။
- ဒေသခံလူထုမှပါဝင်ပြောဆိုနိုင်ရန်မည်သည့်လုပ်ငန်းစဉ်များရှိပါသနည်း။ အထူးသဖြင့်ယခုကွင်းဆင်းလေ့လာမှုမှနေ၍နယ်မြေဖွံ့ဖြိုးရေးအတွက်လုပ်ငန်းစဉ်များ၊လုပ်ငန်းဘောင်များချထားပြီးဖြစ်ပြီးတသီတတန်းကြီးရှိနေသောစီမံကိန်းများသည်လည်းစတင်ရန်အရိပ်အရောင်များပြနေပြီဖြစ်သောအချိန်တွင်လူထုပါဝင်ပြောဆိုရန်မည်သည့်လုပ်ငန်းစဉ်များရှိပါသနည်း။ ဤသို့သောလုပ်ငန်းစဉ်များမပါဝင်ဘဲ JICA အနေဖြင့်စစ်မှန်သောအောင်မြင်မှုကိုမည်ကဲ့သို့ရရှိနိုင်ပါမည်နည်း။
- JICA ၏ကွင်းဆင်းလေ့လာမှု၏နောက်လိုက်ပါလာသော လုပ်ငန်းအစီအစဉ်များကိုရှေ့ဆက်ရန်မည်သို့သောနိုင်ငံရေးအခြေအနေများလိုအပ်သနည်း။။ ဆိုလိုသည်မှာ JICA အနေဖြင့်မည်သို့

KESAN, an indigenous non-profit, non-governmental organization of Burma/Myanmar, works to secure Karen lands and livelihoods, a positive peace, climate resilience, gender equity, and respect for the biodiverse environment and the Karen communities that live in it, as well as for the displaced seeking to rebuild their lives.

သောနိုင်ငံရေးတိုးတက်မှုကို မျော်မှန်းထားပါသနည်း။ ပြဿနာ၊အခက်အခဲများကိုခွဲခြမ်းအကဲဖြတ်သုံးသပ်ရာ၌ JICA အနေဖြင့်အဘယ်ကြောင့်ဤအချက်ကိုလှစ်လျူရှုရသနည်း။

- ကိုယ်စားပြုမှုမရရှိဘဲထိခိုက်လွယ်ကာဘဝမလုံခြုံဖြစ်နေသောအစုအဖွဲ့များအား နဂိုထက်ပိုမိုဆိုးရွားသောအခြေအနေသို့တွန်းပို့ပေးမည့်အခြေအနေများကို JICA အနေဖြင့် မည်သို့အကာအကွယ်ပေးသွားမည်နည်း။ ဥပမာ - အမျိုးသမီးများ။
- အထူးစီးပွားရေးဇုံများတည်ဆောက်ခြင်းနှင့် လမ်းသစ်တည်ဆောက်ဖေါက်လုပ်ခြင်းများကြောင့်တစ်နိုင်ငံလုံးကျယ်ပြန့်ပျံ့နှံ့စွာဖြစ်ပွားပြီး အခြေအနေဆိုးရွားသည်ထက်ဆိုးရွားလာသောလယ်မြေယာမြေသိမ်းဆည်းမှုများကို JICA အနေဖြင့်လုပ်ငန်းများအကောင်အထည်ဖေါ်လုပ်ဆောင်သောအခါမည်ကဲ့သို့ရှောင်ဖယ်တားဆီးကာကွယ်သွားမည်နည်း။

**JICAနှင့်ဂျပန်ကုမ္ပဏီများ၏နောက်လှမ်းမည့်ခြေလှမ်းသည်မည်သို့ရှိပါသနည်း။**

ကွင်းဆင်းလေ့လာထားမှုကိုအခြေခံပြီး ပူးပေါင်းဒေသဖွံ့ဖြိုးရေးစီမံကိန်းကြီး၊ဒုက္ခသည်နှင့်ပြည်တွင်းပုန်းရှောင်နေသူများနေရပ်ပြန်လည်နေထိုင်ရေး၊ ပြန်လည်နေရာချပေးခြင်း၊ စသည်များအတွက် JICA သည် ၂၀၁၄ ဖေဖေါ်ဝါရီလတွင်အသေးစိတ်လုပ်ငန်းအစီအစဉ် (master plan) ကိုစတင်ရေးဆွဲနေပြီဖြစ်သည်။ ထိုအထဲတွင်ကျိုက္ခမီဆိပ်ကမ်းအတွက်ဖြစ်နိုင်ခြေရှိမရှိနှင့်ပတ်သက်ပြီးကွင်းဆင်းလေ့လာခြင်း၊ဘုရားသုံးဆူနှင့်သံဖြူဇရပ်ကားလမ်းစီမံကိန်းကို အကောင်အထည်ဖေါ်ခြင်း၊စသည်များအပါအဝင်"အရေးပေါ်အစီအစဉ်"ကို စမ်းသပ်အကောင်အထည်ဖေါ်ခြင်းများလည်းပါဝင်သည်။

လေ့လာချက်အရ ဤဖွံ့ဖြိုးရေးလုပ်ငန်းတွင်ဂျပန်ကုမ္ပဏီများပါဂင်လာရန် အားပေးတိုက်တွန်းထားသည်။ "လေ့လာမှုသည်ဂျပန်ပုဂ္ဂလိကစီးပွါးရေးလုပ်ငန်းများရင်းနှီးမြုပ်နှံမှုပြုရန်၊ပါဝင်လာရန်အားပေးရမည်။ ဂျပန်ကုမ္ပဏီများမှအားပေးအားမြောက်သော(သို့မဟုတ်)ပြုလုပ်လိုသောစီမံကိန်းနှင့်အသေးစိတ်လုပ်ငန်းစဉ်အစီအစဉ်များကို မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသဖွံ့ဖြိုးရေးအစီအစဉ်နှင့်ကိုက်ညီမှုရှိသည်၊မရှိသည်ကိုစစ်ဆေးသုံးသပ်မည်ဖြစ်ပြီး ကိုက်ညီမှုရှိပါကမြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသဖွံ့ဖြိုးရေစီမံကိန်း၏ proposal (စီမံကိန်းပြုလုပ်ရန်ကမ်းလှမ်းစာ၊ အဆိုတင်သွင်းသောစာ၊ လျှောက်တင်သောစာ)နှင့်အတူပေါင်းစပ်မည်..."

**ဆက်သွယ်ရန်။**

စောပေါလ်စိန်ထွား။ ။ +66 817247093 (ကရင်၊ အင်္ဂလိပ် ဘာသာဖြင့်စုံစမ်းမေးမြန်းရန်)
စောအဲလက်စ်။ ။ +95 9254207842 (မြန်မာ၊ အင်္ဂလိပ်၊ ကရင် ဘာသာဖြင့်စုံစမ်းမေးမြန်းရန်)

KESAN
Karen Environmental & Social Action Network
P.O Box 204, Prasing Post Office, Muang, Chiang Mai, Thailand 50205
Tel/Fax: + 66 (0)53 380 478, E-mail: info@kesan.asia, website: www.kesan.asia

*KESAN, an indigenous non-profit, non-governmental organization of Burma/Myanmar, works to secure Karen lands and livelihoods, a positive peace, climate resilience, gender equity, and respect for the biodiverse environment and the Karen communities that live in it, as well as for the displaced seeking to rebuild their lives.*